

Helping your child with literacy and numeracy at home

Burmese

# အိမ်တွင် သင့်ကလေးအား စာတတ်မြောက်ရန်နှင့် သင်္ချာတွက်တတ်ရန် ကူညီပေးခြင်း

NSW ပညာရေးဌာန

NSW GOVERNMENT

ကျောင်းစတက်ကာစ ကလေးများ၏ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် မိသားစုများအတွက် ဤစာအုပ်လေးကို ပြုစုထားခြင်းဖြစ်သည်။

အိမ်မှာနေရင်း ပြုလုပ်နိုင်သည့် အရေးကြီးသည့် သင်ယူမှုများကို အထောက်အကူပြုသော လုပ်ငန်းများစွာ ပါဝင်သည်။ ထိုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကလေးနှင့် အတူ ပျော်ရွှင်မှုရစေပြီး သင့်ကလေး ကျောင်း၌ စတင်သင်ယူရာတွင် အထောက်အကူ ဖြစ်စေသည်။

သင့်ကလေးအား ထိုလုပ်ငန်းများတွင် ပါဝင် စူးစမ်းလေ့လာရန် အားပေးပြီး သူတို့ တစ်ဦးချင်း၏ တုန့်ပြန်မှုများကို ကူညီပါ။

# မာတိကာ


## စာတတ်မြောက်ခြင်း 4

စကားပြောခြင်းနှင့် နားထောင်ခြင်း 5

စာဖတ်ခြင်း 10

ပုံဆွဲခြင်းနှင့် စာရေးခြင်း 16

## ဂဏန်းတွက်ခြင်း 21

ဂဏန်းများ နှင့် ရေတွက်ခြင်း 22

ပေါင်းခြင်း နှင့် နုတ်ခြင်း 28

ပုံသဏ္ဍာန်များကို ဖော်ထုတ်ခြင်း နှင့် ဖန်တီးခြင်း 32

# စာတတ်မြောက်ခြင်း

## သင့်ကလေး၏ စာတတ်မြောက်ခြင်း စွမ်းရည်များ တိုးတက်လာစေရန် ကူညီပေးခြင်း

စာတတ်မြောက်ခြင်းတွင် နားထောင်ခြင်း၊ စကားပြောခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း တို့ ပါဝင်သည်။ အတွေးများနှင့် ခံစားမှုများ၊ စိတ်ကူးများနှင့် သဘောထားများကို ဆက်သွယ်ဖော်ပြနိုင်သော စွမ်းရည်ဖြစ်ပြီး ပြောထားသော၊ ရေးထားသော သတင်းစကားများမှ အဓိပ္ပါယ် ဖော်ခြင်း ဖြစ်သည်။



# စကားပြောခြင်းနှင့် နားထောင်ခြင်း

စကားပြောခြင်းနှင့် နားထောင်ခြင်း စွမ်းရည်များသည် သင့်ကလေး ကျောင်းတွင် သင်ယူခြင်းအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသည်။ ထိုစွမ်းရည်များသည် သင့်ကလေး အနေဖြင့် အခြားသူများနှင့် စကားပြောခြင်း၊ မိတ်ဆွေဖွဲ့ခြင်းနှင့် ကျောင်းတွင် လုပ်ငန်းများအားလုံး၌ တက်ကြွစွာပါဝင်ခြင်းတို့အတွက်  အထောက်အကူပြုသည်။

သင့်အိမ်တွင် အင်္ဂလိပ်စာမဟုတ်သော အခြားဘာသာစကားပြောပါက ကလေးကို ထိုဘာသာစကား ဆက်လက် အသုံးပြု ပြောဆိုဖို့ အားပေးရန် အရေးကြီးသည်။

# ကလေးဖြင့် စကားပြောခြင်း


- ဥပမာ နေ့စဉ် ဖြစ်ပျက်နေတဲ့ ကိစ္စတွေ အပါအဝင် ကိစ္စမျိုးစုံ အကြောင်း **ကလေးနဲ့ စကားပြောပါ**
- သင့်ယဉ်ကျေးမှုက ပုံပြင်တွေ၊ သင့်ကိုယ်ပိုင် ဇာတ်လမ်းတွေနဲ့ သင့်ကလေးရဲ့ **ဇာတ်လမ်းတွေကို မျှဝေပြောပြပါ။**
- ဖြစ်လာမယ့် **ကိစ္စရပ်တွေကို ရှင်းပြပြီး စကားပြောပါ။** ဥပမာ "တို့တတွေ ဒီနေ့ ကျောင်းကို လမ်းလျှောက်သွားမယ်၊ လမ်းမှာ ပန်းခြံတစ်ခုကို ဖြတ်ရမယ်"။
- **သင့်ကလေးပြောတာကို နားထောင်ပြီး အလှည့်ကျပြောဖို့ အားပေးပါ။** စကားပြောတဲ့အခါ ဘယ်လိုနားထောင် ရမယ်၊ ဘယ်လိုပြန်ပြောရမယ်ဆိုတာ ပြသပါ။
- သင့်ကလေးနဲ့ စကားစပြောတဲ့အခါ ဒါမှမဟုတ် စကားပြောနေတဲ့အခါ ဟုတ်တယ်၊ မဟုတ်ဘူးထက်ပိုပြီး ဖြေရမယ့် **မေးခွန်းတွေကို မေးပါ။** ဥပမာ "ဒီနေ့ ကျောင်းမှာ ဘာတွေလုပ်ရသလဲ"
- **ဘယ်လို ဒါမှမဟုတ် ဘာကြောင့် နဲ့ စတဲ့** မေးခွန်းတွေ မေးပါ။ ဥပမာ "ပန်းခြံထဲမှာ ငှက်ဘယ်နှစ်ကောင် တွေ့သလဲ"
- မေးခွန်းမေးတဲ့အခါမှာ **သင့်ကလေးကို ဖြေဆိုဖို့ အချိန်ပေးပါ။**
- **စကားပြောရတာ ပျော်စရာဖြစ်ပါစေ။** ရယ်စရာ ပုံပြင်တွေ ဖန်တီးပြီး သင့်ကလေးကို ပြောပြပါ၊ သီချင်းဆိုပြပါ။


# သတင်းစကားတစ်ခုကို ဆက်သွယ်ပြောဆိုခြင်း


- **ပုံပြောပြပါ။** အစ၊ အလယ်နဲ့ ဇာတ်လမ်းရဲ့ အဆုံးမှာ ဘာဖြစ်တယ် ဆိုတာ ပြောပြပါ။
- ဖတ်ပြီးတဲ့အခါမှာ သင့်ကလေးရဲ့ အကြိုက်ဆုံး **ဇာတ်ကောင်တွေ အကြောင်း** ဒါမှမဟုတ် စာအုပ်ရဲ့ အကြိုက်ဆုံး အပိုင်းအကြောင်း **ပြောပါ။**
- ပွဲတစ်ခု သွားတဲ့အခါ ဒါမှမဟုတ် ကျောင်းသွားတဲ့အခါ ဘာဖြစ်မလဲ ဆိုတာ **စိတ်ကူးပြီး အပြန်အလှန် ပြောပါ။** သွားပြီးတဲ့အခါ ဘာတွေဖြစ် ခဲ့လဲဆိုတာ ပြောပါ။ ပြီးတော့ သူတို့ ဘယ်လိုထင်သလဲ ဘယ်လို ခံစား ရသလဲဆိုတာ မေးပါ။
- ကလေးတွေ သူတို့ဘာသာ စိတ်ကူးပြီး **ကိုယ်ပိုင် ဇာတ်လမ်းတွေ ဖန်တီးဖို့** အားပေးပါ။ "ဇာတ်လမ်းက ဘာအကြောင်းလဲ" ဇာတ်လမ်းထဲမှာ ဘယ်သူပါလဲ" "ဇာတ်လမ်းထဲမှာ ဘာတွေ ဖြစ်သလဲ" စတဲ့ မေးခွန်းတွေ မေးပါ။
- သူတို့ရဲ့ **နာမည်အပြည့်အစုံ၊** လိပ်စာ၊ အသက်၊ မွေးသက္ကရာဇ်နဲ့ ဖုန်းနံပါတ်တွေ **ကလေးတွေကို သင်ပေးပါ။**
- ကျောင်းလွှတ်တဲ့အခါ ကလေးတွေကို သူတို့တစ်နေ့တာအကြောင်း မေးပါ။ **သတင်းအချက်အလက်တွေ ထပ်မေးပါ။** ဥပမာ "ဘာလို့ဒီလို ခံစားရတာလဲ"





# သင့်ကလေး အင်္ဂလိပ်စကားပြောခြင်းနှင့် ဝေါဟာရကြွယ်ဝလာခြင်းအတွက် အထောက်အကူဖြစ်စေသော စာအုပ်များ




# ဝေါဟာရ ကြွယ်ဝစေခြင်း

- စကားပြောတဲ့အခါ **ရှင်းပြတဲ့ စကားတွေကို သုံးပါ။** "ဒီမှာ ခွေးတစ်ကောင်" လို့ ကလေးကပြောရင် "အမွေးဖွားဖွားနဲ့ အဖြူရောင် ခွေးကလေး" လို့ ထပ်ရှင်းပြပါ။
- ကလေးတွေ ဘာသာစကား ကြွယ်ဝအောင် **စကားလုံးအသစ်တွေ သင်ပေးပါ။**
- သင့်ကလေးကို စာအုပ်ဖတ်ပြနေတဲ့ အခါမှာ စာအုပ်ထဲမှာ ပါတဲ့ **စကားလုံးတွေ အကြောင်း ပြောပြပါ။** အဲဒီစကားလုံး တွေရဲ့ အဓိပ္ပါယ် အတူတူ ဆွေးနွေးပါ။ စိတ်ဝင်စားဖို့ကောင်းတဲ့ စကားလုံး အသစ်တွေ အကြောင်း ပြောပြနိုင်ပါတယ်။
- ဝါကျထဲမှာ ပါတဲ့ စကားလုံးအသစ်တွေကို သုံးပြီး **လေ့ကျင့်ပါ။**
- အိမ်ပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထု တွေကို **အမျိုးအစားခွဲပြပါ။**



# စာဖတ်ခြင်း

ကလေးတွေက သူတို့ကို ဖတ်ပြတဲ့ စာတွေကနေ သင်ယူပါတယ်။ အခြားသူတွေနဲ့ စာဖတ်ခြင်း၊ သူတို့ ကိုယ်တိုင် စာဖတ်ခြင်းကနေ သင်ယူပါတယ်။


နေ့တိုင်း ပျော်ပျော်ပါးပါး စာအတူတူ ဖတ်ပါ။ ကျောင်း၊ စာအုပ်ဆိုင်၊ စာကြည့်တိုက်၊ ဈေးကို အတူတူ သွားဖို့ အခွင့်အရေးရှာပါ။


ပုံပြင်တွေ၊ အသုံးပြုတဲ့ ဘာသာစကားတွေ၊ ပုံပြင်ထဲက စကားလုံးတွေ၊ စကားလုံးထဲက အက္ခရာစာလုံးတွေရဲ့ အသံထွက်တွေ အကြောင်းပြောပါ။ ကိုယ့်အိမ်မှာပြောတဲ့ ဘာသာစကားနဲ့ စာအုပ်တွေ ဖတ်ပြပါ။


# နေ့တိုင်း ကလေးနဲ့အတူတူ စာဖတ်ပါ။


- **စာဖတ်ရတာ ပျော်စရာ၊** ဖတ်ချင်စရာ ဖြစ်ပါစေ။ ကလေးတွေက အခြား သူတွေကို ကြည့်ပြီး၊ အတုခိုးပြီး သူတို့နဲ့ အပြန်အလှန် ဆက်ဆံပြီး စာဖတ်ခြင်း အကြောင်း သင်ယူပါတယ်။
- **ကလေးတွေကို စာအုပ်တွေ ရွေးချယ်ခွင့် ပေးပြီး** သူတို့စိတ်ဝင်စားတဲ့ စာအုပ်တွေကို **ပြန်ဖတ်ခွင့်ပေးပါ။**
- စာဖတ်မပြခင် **စာအုပ်အကြောင်း ပြောပြပါ။** ခေါင်းစဉ်အကြောင်းနဲ့ ဇာတ်လမ်းထဲမှာ ဘာတွေဖြစ်လာ နိုင်ကြောင်း ပြောပြပါ။
- **ပုံတွေအကြောင်း** ပုံတွေက ဇာတ်လမ်းကို ဘယ်လို ပံ့ပိုးကြောင်း **ဆွေးနွေးပါ။**
- စာဖတ်ပြနေချိန်မှာ ကလေးတွေကို ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ **မေးခွန်းတွေ မေးပါ။** ဥပမာ "နောက်ဘာဖြစ် လာမယ်လို့ ထင်သလဲ။" "ဘာလို့ ဒီလို ထင်သလဲ"
- စာဖတ်ပြပြီးတဲ့အခါမှာ **ဇာတ်လမ်း အကြောင်း ပြောပါ။** "ပုံပြင်ထဲက ဘယ် အပိုင်းကို အကြိုက်ဆုံးလဲ" ဒါမှမဟုတ် "ပုံပြင်ထဲမှာ စိတ်လှုပ်ရှားဖို့၊ ရယ်ဖို့ ဒါမှမဟုတ် ဝမ်းနည်းဖို့ အကောင်းဆုံးက ဘာလဲ" စတဲ့ မေးခွန်းတွေ မေးပါ။
- သင့်ကလေးနဲ့ သူတို့ရဲ့ ညီအကိုတွေ၊ ညီအမတွေ ဒါမှမဟုတ် သူငယ်ချင်း တွေနဲ့ အတူတူ အကြိုက်ဆုံး ပုံပြင်တွေကို **အလှည့်ကျ ဖတ်ပါ။**
- သတင်းစာ၊ မဂ္ဂဇင်း၊ ပိုစတာ၊ လမ်းညွှန်၊ ဟင်းချက်နည်းနဲ့ ဈေးဝယ်စာရင်း စသဖြင့် **စာဖတ်စရာ မျိုးစုံကို ရွေးချယ်ပါ။**


## ကာရံပါသော အင်္ဂလိပ်စာအုပ်များ















# စာဖတ်ခြင်း၊ ဘာသာစကားနှင့် စကားလုံးများဖြင့် ပျော်ရွှင်ခြင်း

- **ကာရံတွေ** ဒါမှမဟုတ် **စကားထာတွေ ပါတဲ့ အင်္ဂလိပ်စာအုပ်တွေကို ရွေးချယ်ပါ။**
- **ကာရံညီတဲ့ စကားလုံးတွေအကြောင်း ပြောပါ။** Cat, hat, sat, bat စတဲ့ စကားလုံးတွေဟာ အင်္ဂလိပ်စာမှာ ကာရံညီတဲ့ စကားလုံးဥပမာတွေ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆုံးမှာ အသံတူလို့ ဖြစ်ပါတယ်။
- **ကာရံတူတဲ့ စကားလုံးတွေနဲ့ ကစားပါ။** အင်္ဂလိပ်စာမှာ ကာရံတူတဲ့ ကစားနည်းတွေ ကစားပါ။ "Have you ever seen a snail deliver the mail?" စတဲ့ ကာရံတူတဲ့ ဝါကျတွေ ဖွဲ့ပါ။











## အက္ခရာစာလုံးများ၏ အသံနှင့် ကစားပါ။


- **အက္ခရာစာလုံးတွေရဲ့ အသံနဲ့ ပျော်စရာ ဖြစ်အောင်လုပ်ပါ။** အသံတူတဲ့ စကားလုံးတွေ အသုံးပြု ထားတဲ့ ရီစရာ ဝါကျတွေ တည်ဆောက်ပါ။
- ကလေးကို စာဖတ်ပြနေချိန်မှာ သူတို့သိတဲ့ အသံတွေကို လက်ညှိုး ထိုးပြပြီး **အသံထွက်ခိုင်းပါ။**
- သင့်ကလေးရဲ့ နာမည်နဲ့ **အသံထွက် ကစားနည်းကို ကစားပါ။** "မင်းနာမည်က ဘယ်အသံနဲ့ စသလဲ" "dad နဲ့ အစအသံတူသလား" စသဖြင့် မေးခွန်းတွေ မေးပါ။

# အင်္ဂလိပ်စာရှိ အက္ခရာစာလုံးများ အကြောင်း စာအုပ်









# ပုံဆွဲခြင်းနှင့် စာရေးခြင်း

စိတ်ဝင်စားဖွယ်ရာများအကြောင်း ပုံဆွဲဖို့ စာရေးဖို့ ကလေးကို အားပေးပါ။

သူတို့ဆွဲထားတဲ့ ပုံတွေအကြောင်း ရေးထားတဲ့ စာအကြောင်း ပြောခိုင်းပါ။ သူတို့ ပုံပြင်တွေ၊ ဒီပုံတွေဆွဲဖို့ ဒါမှမဟုတ် ရေးသားဖို့ ဘယ်လို ရွေးချယ်ခဲ့တယ် ဆိုတာကို စိတ်ဝင်တစားမေးပါ။



# နေ့တိုင်းစာရေးပါ

- **ပျော်ပျော်ပါးပါး ပုံဆွဲပါ။ စာရေးပါ။** ကလေးတွေကို သူတို့ လုပ်ချင်တဲ့၊ ဖြစ်ချင်တဲ့ ဒါမှမဟုတ် ကစားချင်တဲ့ အကြောင်းတွေကို ပုံဆွဲခိုင်းပါ။ ဒါမှမဟုတ် စာရေးခိုင်းပါ။

- **သူတို့ရေးထားတဲ့ ပုံတွေ၊ စာတွေ အကြောင်း ပြောပြဖို့ အားပေးပါ။** သူတို့ ရေးခြစ်ထားတဲ့အရာတွေအကြောင်း ဆွဲထားတဲ့ ပုံတွေ၊ အက္ခရာစာလုံးတွေ၊ စကားလုံးတွေ အကြောင်း ပါဝင်နိုင် ပါတယ်။

- **အခြားစာရေးကရိယာများ ဖြစ်သည့်၊** မြေဖြူခဲ၊ စာရွက် နှင့် ခဲတံ၊ မာကာပင်န် နှင့် ဘောပင်န် များ ဖြင့် ရေးဆွဲပါ။

- ကလေးတွေကို **သူတို့နာမည်ကို ရေးခိုင်းပါ။** ကလေးတွေက သူတို့ အတွက် အရေးကြီးတဲ့ အခြားသူတွေရဲ့ နာမည်တွေ ကိုလည်း ရေးဖို့ ကြိုးစား နိုင်ပါတယ်။

- သင့်ကလေးက စာရေးနေချိန်၊ ပုံဆွဲ နေချိန်မှာ သူတို့ရေးဆွဲနေတဲ့ **ပုံအကြောင်း အက္ခရာစာလုံးတွေရဲ့ အသံတွေအကြောင်း ပြောပါ။**

- **ကလေးတွေကို သူတို့ စိတ်ကူး စိတ်သန်းတွေ အသုံးပြုပြီး** ပုံပြင်တွေ ဖန်တီးဖို့ အားပေးပါ။ သူတို့ ပုံပြင် အတွက် ပုံတွေဆွဲပြီး စကားလုံး တွေရေးပြီး ပုံပြင်စာအုပ် ဖန်တီးနိုင် ပါတယ်။

- ကလေးတွေကို **သူတို့အိမ်မှာသုံးတဲ့ ဘာသာစကားနဲ့ သတင်းစကားတွေ ရေးဖို့** ကူညီပေးပါ။



# ရည်ရွယ်ချက်တစ်ခုအတွက် ပုံဆွဲခြင်းနှင့် စာရေးခြင်း

- ဈေးဝယ်စာရင်း ဒါမှမဟုတ် မိသားစု ထဲက သဘောအကျဆုံးသူ ဒါမှမဟုတ် သူတို့ရဲ့ အကြိုက်ဆုံး စာအုပ် အကြောင်း **ပုံဆွဲဖို့ ဒါမှမဟုတ် စာနဲ့ ရေးဖို့ သင့်ကလေးကို အားပေးပါ။**
- **သီချင်းတစ်ပုဒ် ဒါမှမဟုတ် ကဗျာ တစ်ပုဒ်ကို ဖန်တီးပါ။** သီချင်း၊ ကဗျာနဲ့ လိုက်ဖက်မယ့် စကားလုံးတွေ၊ ပုံတွေကို ရေးဆွဲပါ။
- သူတို့ဖန်တီးထားတဲ့ ပုံ ဒါမှမဟုတ် စာအကြောင်း **ကလေးတွေကို ရှင်းပြ ခိုင်းပါ။**
- စိတ်ဝင်စားစရာ ကောင်းတဲ့၊ ပျော်စရာ ဒါမှမဟုတ် စိတ်လှုပ်ရှားစရာ အဖြစ် အပျက် တစ်ခုအကြောင်း သူငယ်ချင်း ဒါမှမဟုတ် မိသားစုထဲက တစ်ယောက် ဆီကို **စာတစ်စောင် ရေးဖို့** သူတို့ကို အားပေးပါ။
- သင့်ကလေးနေ့စဉ် ရေးသားနိုင်ဖို့ ဒါမှမဟုတ် ပုံဆွဲနိုင်ဖို့ **စာအုပ်လေး တစ်အုပ်၊ ဂျာနယ် ဒါမှမဟုတ် နေ့စဉ် မှတ်တမ်း စာအုပ် ထားပေးပါ။**
- ပွဲတစ်ပွဲအတွက် ဒါမှမဟုတ် အထူး ကိစ္စတစ်ခုအတွက် ကဒ် ဒါမှမဟုတ် **ဖိတ်စာတစ်စောင်ကို ဖန်တီးပါ။**



## သတင်းစကားများ အကြောင်းပြောပါ

- ကလေးတွေကို သူတို့ ပြောပြချင်တဲ့ **သတင်းစကားတစ်ခု ဖန်တီးခိုင်းပါ။** "ခွေး သတိပြုပါ" ဆိုတဲ့ ပိုစတာလည်း ဖြစ်နိုင် ပါတယ်။ ဒါမှမဟုတ် သူတို့ လုပ်ချင်တဲ့ အရာတွေကို သူတို့ရဲ့ ဆရာ/မ ကို ပြောပြတဲ့ စာလည်း ဖြစ်နိုင်ပါတယ်။
- သင့်ကလေးရဲ့ ယဉ်ကျေးမှု၊ အတွေ့အကြုံနဲ့ စိတ်ဝင်စားမှုတွေရဲ့ အစိတ်အပိုင်းဖြစ်တဲ့ **နေ့စဉ်သုံး စကားလုံးတွေကို အသုံးပြုပါ။**
- သင့်ကလေးရေးထားတဲ့ ဒါမှမဟုတ် သင့်ကလေးနဲ့ အတူတူ ဖတ်ထားတဲ့ **ပုံပြင် ဒါမှမဟုတ် စာတွေ အကြောင်း ပြောပါ။**
- စကားပြောတဲ့ အချိန်မှာ သင့်ကလေးကို **စကားလုံးအများကြီးသုံးပြီး ဝါကျဖွဲ့ ပြောဖို့ အားပေးပါ။**







# ဂဏန်းတွက်ခြင်း

## သင့်ကလေးကို ဂဏန်းတွက်ခြင်း စွမ်းရည် ဖွံ့ဖြိုးလာစေရန် ကူညီခြင်း

ဂဏန်းတွက်ခြင်း စွမ်းရည် ဆိုသည်မှာ နေ့စဉ်ဘဝတွင် ကိန်းဂဏန်းများကို မည်သို့ အသုံးပြုကြောင်း နားလည်နိုင်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိန်းဂဏန်းများကို နေ့စဉ် အသုံးပြုကြသည်။ စာဖတ်စဉ် စာမျက်နှာ ပေါ်တွင် ကိန်းဂဏန်းများကို တွေ့ရသည်။ ကျွန်ုပ်တို့ အိမ်တွင် နံပါတ်ရှိသည်။ တစုံတခု ဝယ်လျှင် ပေါင်းရ နှုတ်ရသည်။

သင့်ကလေးကို ဂဏန်းတွက်ခြင်းနှင့် ပတ်သက်၍ ကောင်းမွန်သော သဘောထား ရှိလာရန် ကူညီပါ။

သင့်အိမ်တွင်ပြောသော ဘာသာစကားဖြင့် ဂဏန်းတွက်ခြင်း စွမ်းရည် ဖွံ့ဖြိုးလာရန် အရေးကြီးသည်။



# ဂဏန်းများ နှင့် ရေတွက်ခြင်း

ကလေးများ အစောပိုင်းသင်ယူသော စွမ်းရည်တခုမှာ ရေတွက်ခြင်းဖြစ်သည်။

- ဂဏန်းများကို အစီအစဉ်တကျ မှန်ကန်စွာ ပြောဆို ရေတွက်ခြင်း
- ဝတ္ထုပစ္စည်းများနှင့် ဂဏန်း စကားလုံးများကို တွဲဖက်ခြင်း
- နောက်ဆုံးရေတွက်သော ဂဏန်းသည် ဝတ္ထုပစ္စည်း၏ စုစုပေါင်း အရေအတွက် ကို ကိုယ်စားပြုကြောင်း သိရှိခြင်း

## အသုံးပြုရမည့် စကားလုံးများ

- ရှေ့ဆက်ရေတွက်ခြင်း၊ နောက်ပြန်ရေတွက်ခြင်း
- မတိုင်မီ ဂဏန်း၊ အနောက်က ဂဏန်း
- ပိုများခြင်း၊ ပိုနည်းခြင်း
- အတူတူပဲ

## အင်္ဂလိပ် ကိန်းဂဏန်းများ

0 zero

1 one

2 two

3 three

4 four

5 five

6 six

7 seven

8 eight

9 nine

10 ten




# ဂဏန်းများအကြောင်း သင်ယူခြင်းကို အားပေးသည့် လုပ်ငန်းများ


- **ဂဏန်းတွေ၊ အစက်တွေ ပါတဲ့ အံစာတုံးကို အသုံးပြုရင်** သင့်ကလေး ဂဏန်းတွေနဲ့ အရေအတွက်တွေကို မှတ်မိစေဖို့ ကူညီပေးပါတယ်။ "အံစာတုံးပေါ်မှာ အစက် ဘယ်နှစ်စက် ပါလဲ" လို့ ကလေးကို မေးပါ။
- အံစာတုံးနဲ့ ရေတွက်မှုကို အသုံး ပြုတဲ့ **ကစားနည်းတွေကို ကစားပါ။**
- **ပုံပြင်များကို ဖတ်ပြပြီး မျှဝေပါ။** ရေတွက်ခြင်း၊ အရေအတွက်နဲ့ စာမျက်နှာ နံပါတ်တွေ အပါအဝင် စာအုပ်ထဲတွင် တွေ့ရတဲ့ ဂဏန်းတွေ အကြောင်း ပြောပါ။
- **လမ်းလျှောက်ထွက်တဲ့အခါ လမ်းမှာ ကိန်းဂဏန်းတွေကို တွေ့အောင် ရှာခိုင်းပါ။** "ဘယ်နံပါတ်တွေ တွေ့ရသလဲ" လို့ ကလေးကို မေးပါ။ အိမ်နံပါတ်တွေ၊ ကားနံပါတ်တွေနဲ့ လမ်းနံပါတ်တွေ အကြောင်းပြောပါ။
- နာရီတွေ ဖုန်းတွေ စတဲ့ နေ့စဉ်သုံး ပစ္စည်းတွေမှာ တွေ့ရတဲ့ **ဂဏန်းတွေ အကြောင်း ပြောပါ။**

## အရာဝတ္ထုများ သို့မဟုတ် အစက်များ၏ ဂဏန်းများကို မှတ်မိခြင်း


### အံစာတုံး အစက်များ၏ ပုံသဏ္ဌာန်



### အစက် ပုံသဏ္ဌာန်များ




### ဒိုမီနိုအစက် ပုံသဏ္ဌာန်များ



## ကလေးနှင့်အတူ ရေတွက်ခြင်း


- **အိမ်မှာ အလုပ်လုပ်တဲ့ အချိန် ရေတွက်ပါ။** လွယ်ကူတဲ့ ချက်နည်းကို အတူတူ ချက်ပြီး ပါဝင်တဲ့ ပစ္စည်းတွေကို ကလေးကို ရေတွက် ခိုင်းပါ။
- မိသားစု ထမင်းဝိုင်းအတွက် **ထမင်းပွဲ ပြင်တဲ့အခါ ကူညီဖို့ ကလေးကို အားပေးပါ။** စားပွဲမှာ လိုအပ်မယ့် လူ၊ ပန်းကန်ပြား၊ ခွက်၊ ဇွန်း၊ ခက်ရင်း တွေကို ရေတွက်ခိုင်းပါ။
- ကျောင်းအင်္ကျီဝတ်တဲ့အခါ တပ်ရတဲ့ ကြယ်သီးကို **ကလေးနဲ့အတူ ရေတွက်ပါ။**
- ထမင်းဘူးထဲမှာ ပါဝင်တဲ့ **အမျိုးအစား တွေကို** ကလေးကို **ရေတွက်** ခိုင်းပါ။
- **ရှေ့ဆက်ရေတွက်ပါ။** ကားတွေ၊ အိမ်တွေ၊ ဘီနပ်တွေ၊ အိတ်တွေ စတဲ့ နေ့စဉ်ကြုံတွေ့ရတဲ့ အရာတွေကို ရေတွက်ပါ။
- **နောက်ပြန်ရေတွက်ပါ။** လှေခါးပေါ်က ဆင်းပြီး လှေခါးပေါ် ပြန်တက်ပါ။ 10, 9, 8 ....

## အင်္ဂလိပ်စာရှိ ရေတွက်ခြင်း သီချင်းများ

- Here is the Beehive
- Five Little Ducks
- The Ants Go Marching
- One, Two, Buckle My Shoe
- Five Cheeky Monkeys Jumping on the Bed
- Ten Green Bottles




# အင်္ဂလိပ်စာဖြင့် ဂဏန်းများနှင့် ရေတွက်ခြင်း အကြောင်း စာအုပ်များ

















# ပေါင်းခြင်း နှင့် နှုတ်ခြင်း


ကလေးငယ်များသည် ပေါင်းခြင်းနှင့် နှုတ်ခြင်း သဘောကို နားလည်ရန် လိုအပ်သည်။ ယင်းတို့တွင် နှစ်ခု သို့မဟုတ် နှစ်ခု ထက်ပိုသော ပစ္စည်း များကို ပေါင်းစုခြင်း၊ ပစ္စည်းများကို ဖယ်ရှားခြင်းနှင့် ခွဲခြားခြင်းတို့ ပါဝင်သည်။

## အသုံးပြုရမည့် စကားလုံးများ

- နှင့် ပေါင်းစပ်သည်၊ ဆက်သွယ်သည်၊ အဖြေ ရသည်၊
- ထက်ပိုနည်းသည်၊ ထက်ပိုများ သည်
- အားလုံးပေါင်း၊ စုစုပေါင်း
- နှုတ် သည်၊ ထုတ် သည်
- နောက်ထပ် ဘယ်လောက်လဲ

# ပေါင်းခြင်းကို အားပေးသော လုပ်ငန်းများ

- **နေ့စဉ်သုံးပစ္စည်းတွေ အရေအတွက်ကို ပေါင်းပါ။** ကစားစရာတွေ၊ သစ်သီးတွေ၊ စာအုပ်တွေ စသဖြင့်။ ကလေးတွေက သူတို့ လက်ချောင်းလေးတွေကို ပေါင်းဖို့ အသုံးပြု နိုင်ပါတယ်။
- လမ်းလျှောက်ထွက်တဲ့ အချိန်မှာ လမ်းမှာ တွေ့ရတဲ့ **အရာဝတ္ထုအမျိုးမျိုးရဲ့ နံပါတ်တွေကို ပေါင်းပါ။** ဥပမာ ဥယျာဉ်ထဲက ပန်းတွေ။
- ပြက္ခဒိန်မှာ ကလေးတွေ ကျောင်း သွားတဲ့ နေ့တွေကို မှတ်သား ထားခိုင်းပါ။ ဒါမှမဟုတ် အခြားလုပ်ငန်း တခု လုပ် တာ ကိုမှတ်သားထားခိုင်းပါ။ တပတ် ကုန်သွားလျှင် **လုပ်ငန်း တခုချင်း အတွက် ရက်တွေကို ပေါင်းပါ။**
- ဈေးဝယ်ထွက်တဲ့အခါ ဝယ်ဖို့လိုတဲ့ အရာတွေအကြောင်း ပြောပါ။ "မိသားစုထဲက လူတိုင်းအတွက် ငှက်ပျောသီး ဘယ်နှစ်လုံး ဝယ်ရမလဲ၊ တစ်လုံးပိုဝယ်ရင် ဘယ်နှစ်လုံး ဖြစ်သွားမလဲ" စသဖြင့် **မေးခွန်းများ မေးပါ။**
- **အံစာတုံးနှစ်တုံး အသုံးပြုပြီး ဂဏန်း ပေါင်းရတာကို အားပေးတဲ့ ကစားနည်းတွေကို ကစားပါ။** ဥပမာ "Snakes and Ladders."








# နှုတ်ခြင်းကို အားပေးသော လုပ်ငန်းများ


- **နေ့စဉ်သုံးပစ္စည်းတွေကို နှုတ်ပါ။** ထမင်းဘူးထဲက အမျိုး အမည်တွေကို ရေတွက်ပြီး အမျိုးအမည်တွေ ဖယ်ဖယ်ပြီး နှုတ်ပါ။
- **စားသောက်နေချိန်မှာ သင်စားတဲ့ အစာ အမျိုးအမည်တွေကို ရေတွက်ပါ။** "စပျစ်သီး ဘယ်နှစ်လုံး စားပြီးပြီလဲ၊ ဘယ်နှစ်လုံး ကျန်သေးလဲ" စတဲ့ မေးခွန်းများကို မေးပါ။
- **အမျိုးအမည်တွေ ဖယ်ရှားလိုက်တဲ့အခါ ကွာခြားသွားမှုကို သတိပြုဖို့** ကလေးကို အားပေးပါ။ ဥပမာ ကြက်ဥခြင်းထဲက ကြက်ဥတွေ ထုတ်ခြင်း၊ ဒါမှမဟုတ် ငှက်ပျောသီးတစ်ဖီးက ငှက်ပျောသီးတွေ ဖြုတ်ခြင်း။
- တခု ဖယ်ပြီးတိုင်း အရေအတွက် လျော့သွားတဲ့ "Five Little Ducks" စတဲ့ **သီချင်းတွေကို ဆိုပါ။**
- "ဇလုံထဲမှာ ပန်းသီးငါးလုံးရှိတယ်။ နှစ်လုံး စားလိုက်ရင် ဘယ်နှစ်လုံး ကျန်မလဲ" စတဲ့ **မေးခွန်းတွေကို မေးပါ။**

## အင်္ဂလိပ်စာဖြင့် ပေါင်းခြင်း၊ နှုတ်ခြင်း အကြောင်း စာအုပ်များ






# ပုံသဏ္ဍာန်များကို ဖော်ထုတ်ခြင်း နှင့် ဖန်တီးခြင်း

ပုံသဏ္ဍာန်ဆိုသည်မှာ ထပ်တလဲလဲ တွေ့ရသော ဒီဇိုင်းအစုအဝေး ဖြစ်သည်။ ၎င်းတို့မှာ ပုံစံ၊ အသံ၊ အရေအတွက်အား ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်နိုင်သည်။

ကလေးများသည် နေ့စဉ်လုပ်ငန်းများ မှတဆင့် ပုံသဏ္ဍာန်များကို မှတ်မိ၊ ဖေါ်ထုတ်၊ ဖန်တီး၊ အတုခိုး၍ သင်ယူနိုင် ကြသည်။





## အသုံးပြုရမည့် စကားလုံးများ

- ထပ်တဖန်၊
- ဆက်လက် လုပ်ဆောင်
- ဖန်တီးပါ
- ခွဲခြား ဖော်ထုတ်
- ရှင်းပြ၊ဖော်ပြ
- ပုံသဏ္ဍာန်
- တူညီ
- ကွာခြားခြင်း

## ပုံသဏ္ဍာန်များကို မှတ်မိခြင်း၊ ဖော်ထုတ်ခြင်း


- ပါကင်စက္ကူ၊ ရေချိုးခန်း ကြောက်ပြားနဲ့ ကားအဝင်လမ်း စတာတွေပေါ်ရှိတဲ့ **ပုံသဏ္ဍာန်တွေကို ဖော်ထုတ်ပါ။** မတူညီတဲ့ ပုံသဏ္ဍာန်တွေနဲ့ ပုံသဏ္ဍာန် ဖြစ်စေတဲ့ အကြောင်းကို ပြောပါ။
- **ပုံသဏ္ဍာန် များ အကြောင်း ဆွေးနွေး ပါ။** မေးခွန်းများ မေး ပါ -- "ဘာဖြစ်လို့ ဒီပုံသဏ္ဍာန် ဖြစ်နေသလဲ? "ဒီပုံ သဏ္ဍာန် အတိုင်း ဆက်လက် လုပ်ဆောင် သွား နိုင်သလား?"
- **ကဒ်ပြား၊ ဒိုမီနိုများ ဒါမှမဟုတ် အံစာတုံးနဲ့ ကစားနည်းတွေ ကစားပြီး** ကလေးတွေ ပုံသဏ္ဍာန်တွေကို မှတ်မိလာဖို့ အကူအညီပေးပါ။

## ပုံသဏ္ဌာန်များကို ကူးယူခြင်း


- **ပုံသဏ္ဌာန်တစ်ခုနဲ့ လက်ဖဝါးရိုက်ပြီး** လက်ဖဝါးရိုက်ကစားနည်းကို ကစားပါ။ သင့်ကလေးကို သင်လုပ်ပြတဲ့ ပုံစံအတိုင်း လိုက်လုပ်ခိုင်းပါ။
- **ပုံသဏ္ဌာန်တစ်ခု အသုံးပြုပြီး စားပွဲ အတူတူ ခင်းပါ။** ဥပမာ ပန်းကန်ပြားနှင့် ဇွန်း၊ ပန်းကန်ပြားနှင့် ဇွန်း၊ ပန်းကန်ပြား နှင့် ဇွန်း၊ စသဖြင့်။


## ပုံသဏ္ဌာန်များကို ဖန်တီးခြင်း


- ကစားစရာတွေနဲ့ သစ်သီးတွေ စတဲ့ နေ့စဉ်သုံး ပစ္စည်းတွေနဲ့ **ပုံသဏ္ဌာန်တွေကို ဖန်တီးပါ။**
- **ရိုးရှင်းသော ပုံသဏ္ဌာန်များ နှင့် စတင် ပြီး တဖြေးဖြေးခက်တဲ့ ပုံသဏ္ဌာန်များကို** လုပ်ပါ။ ဥပမာ၊ ပန်းသီးတလုံး၊ ငှက်ပျောသီး ၁ လုံး။ ပန်းသီးတလုံး၊ ငှက်ပျောသီး ၂ လုံး။




# အင်္ဂလိပ်စာဖြင့် ပုံသဏ္ဍာန်များ အကြောင်း စာအုပ်များ






# အင်္ဂလိပ်စာ အရေးအဖတ် ကျွမ်းကျင်မှု ဖွံ့ဖြိုးလာစေရန် အကူအညီဖြစ်စေသော စာအုပ်များ

## စကားပြောများနှင့် စကားလုံးကြွယ်ဝခြင်း အတွက် စာအုပ်များ

**Dunbi the Owl** – Daisy Utemorrah, editor Pamela Lofts. Scholastic Australia

**Possum Magic** – Mem Fox, illustrator Julie Vivas. Omnibus Books

**Splosh for the Billabong** – Ros Moriarty, illustrator Balarinji. Allen and Unwin

**The Day the Crayons Quit** – Drew Daywalt, illustrator Oliver Jeffers. Harper Collins Children's Books

**The Echidna and the Shade Tree** – Mona Green, editor Pamela Lofts. Scholastic Australia

**The Little Refugee** – Anh and Suzanne Do, illustrator Bruce Whatley. Allen & Unwin Children

**The True Story of the 3 Little Pigs** – Jon Scieszka, illustrator Lane Smith. Penguin

**The Very Cranky Bear** – Nick Bland. Scholastic Australia

## ကာရံပါသော စာအုပ်များ

**Miss Spider’s Tea Party** – David Kirk. Scholastic Inc

**No Way Yirrikipayi!** – Alison Lester. Pan Macmillan Australia

**Pig the Pug** – Aaron Blabey. Scholastic Australia

**Piranhas Don’t Eat Bananas** – Aaron Blabey. Scholastic Australia

**Oi Cat!** – Kes Gray, Jim Field. Hachette Australia

**Sebastian Lives in a Hat** – Thelma Catterwell, illustrator Kerry Argent. Omnibus Books

**Walking Through the Jungle** – Stella Blackstone. Barefoot Books

**The Cat in the Hat** – Dr Seuss. Random House

## အက္ခရာစာလုံးများအကြောင်း စာအုပ်များ

**ABC Dreaming** – Warren Brim. Magabala Books

**Animalia** – Graeme Base. Picture Puffins

**Dr Seuss’s ABC** – Dr Seuss. Random House

**I Spy, An Alphabet in Art** – Lucy Micklethwait. Greenwillow Book

စာရင်းတွင်ဖော်ပြထားသော စာအုပ်များကို စာတတ်မြောက်ခြင်းနှင့် ဂဏန်းတွက်ခြင်းအပါအဝင် ရည်ရွယ်ချက် များစွာအတွက် အသုံးပြုနိုင်သည်။

**ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ကို သွားရောက် ကြည့်ရှု၍၊ သင့်ကလေး အစကောင်းစေ ဖို့၊ အကူအညီရ နိုင်မည့် အရင်းအမြစ်များကို ရှာဖွေပါ။**

**education.nsw.gov.au/lit-and-num-at-home**




# ဂဏန်းတွက်ခြင်း စွမ်းရည် ဖွံ့ဖြိုးလာစေရန် အကူအညီဖြစ်စေမည့် အင်္ဂလိပ်စာအုပ်များ

## ဂဏန်းများနှင့် တွက်ချက်ခြင်းအကြောင်း စာအုပ်များ

**Counting on Community** – Innosanto Nagara. Seven Stories Press, Penguin.

**Counting with Tiny Cat** – Viviane Schwarz. Walker Books

**Five Little Ducks** – Penny Ives. Child's Play International Ltd

**One is a Snail, Ten is a Crab** – April Pulley Sayre and Jeff Sayre, illustrator Randy Cecil. Scholastic Australia

**One Woolly Wombat** – Kerry Argent. Scholastic Australia

**Ten Black Dots** – Donald Crews. Scholastic Australia

**Ten Little Dinosaurs** – Mike Brownlow, illustrator Simon Rickerty. Orchard Books

**Ten Little Jarjum** – Tabulam Aboriginal Community members, editors Suzi Williams and Kate Merrifield. NSW Board of Studies

**Ten Scared Fish** – Ros Moriarty, illustrator Balarinji. Allen and Unwin

## ပေါင်းခြင်းနှင့် နုတ်ခြင်းအကြောင်း စာအုပ်များ

**Five Little Monkeys Play Hide-and-seek** – Eileen Christelow. Houghton Mifflin

**Ten Little Beasties** – Rebecca and Ed Emberley. Macmillan

**Ten Little Fingers and Ten Little Toes** – Mem Fox, illustrator Helen Oxenbury. Puffin Books

**Ten Little Ladybugs** – Melanie Gerth, illustrator Laura Huliska-Beith. Intervisual Books Inc

**There Were 10 in the Bed** – illustrator Wendy Straw. Sweet Cherry Publishing

**The Shopping Basket** – John Burningham. Random House

**Uno's Garden** – Graeme Base. Penguin Books, Puffin

## ပုံသဏ္ဌာန်များအကြောင်း စာအုပ်များ

**Anno's Counting Book** – Mitsumasa Anno. Harper Collins

**Caterpillar and Butterfly** – Ambelin Kwaymullina. Fremantle Press

**One fish, two fish, red fish, blue fish** – Dr Seuss. Random House

**The Very Hungry Caterpillar** – Eric Carle. Hamish Hamilton Press

© State of New South Wales (Department of Education), 2020.

The copyright material published in this resource is subject to the Copyright Act 1968 (Cth) and is owned by the NSW Department of Education or, where indicated, by a party other than the NSW Department of Education (third-party material).

Copyright material available in this resource and owned by the NSW Department of Education is licensed under a Creative Commons Attribution 4.0 International (CC BY 4.0) licence. This licence allows you to share and adapt the material for any purpose, even commercially.

Attribution should be given to © State of New South Wales (Department of Education), 2020.

Material in this resource not available under a Creative Commons licence:

- the NSW Department of Education logo, other logos and trademark-protected material
- material owned by a third party that has been reproduced with permission.
  You will need to obtain permission from the third party to reuse its material.

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံသိရှိလိုလျှင် သင့်ကျောင်းမှ ကျောင်းအုပ်ကြီးကို ဆက်သွယ်ပါ။ စုံစမ်းရာတွင် စကားပြန်အကူအညီ လိုအပ်လျှင် တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 သို့ ခေါ်ဆိုပြီး သင်၏ ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဤဝန်ဆောင်မှုသည် အခမဲ့ ဖြစ်ပါသည်။

NSW ပညာရေးဌာန

NSW GOVERNMENT